AMNESTY INTERNATIONAL

စာညွှန်း။ ASA ၁၆/ ၂၀၁၆၊ ၀၁၉
စာညွှန်း။ ASA ၁၆/၄၀၂၄/၂၀၁၆
ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဌ
မန်းဝင်းခိုင်သန်း၊ အမျိုးသားလွှတ်တော်ဥက္ကဌ
ရာဇဌာနီလမ်း
နေပြည်တော်
ပြည်ထောင်စုမြန်မာနိုင်ငံ

၁၂ မေ ၂၀၁၆

**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးအဖွဲ့ရုံး**
Peter Benenson House, 1 Easton Street
လန်ဒန် WC1X 0DW, ယူကေနိုင်ငံ
ဖုန်း- +၄၄(၀)၂၀ ၇၄၁၃ ၅၅၀၀
ဖက်စ်- +၄၄ (၀)၂၀ ၇၉၅၆ ၁၁၅၇
အီးမေးလ်: amnestyis@amnesty.org
ဝက်ဘ်ဆိုက်: www.amnesty.org

လေးစားရပါသော လွှတ်တော်ဥက္ကဌကြီးများသို့

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ စံနှုန်းများနှင့် ကိုက်ညီအောင်ပြုပြင်ရေးနှင့် ပတ်သက်သော အိတ်ဖွင့်ပေးစာ**

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေကို ပြန်လည်သုံးသပ်ရန် ပါလီမန်၏ ကြိုးပမ်းချက်များကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ကြိုဆိုပါသည်။ ဤ ဥပဒေကို ပြင်ဆင်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ စံနှုန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်ရန်အတွက် ကျွန်ုပ်တို့က အကြံပြုချက်များပေးလိုပါသည်၊ အကူအညီပေးလိုပါသည်၊

ဤဥပဒေ စတင်အကျိုးသက်ရောက်ခဲ့သည့် ၂၀၁၂ ဇူလိုင်မှ စတင်၍ ယင်းဥပဒေကို အသုံးပြု၍ ရာနှင့်ချီသော ငြိမ်းချမ်းစွာတက်ကြွ လှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများ ဖမ်းဆီးတရားစွဲဆို ထောင်ချခံခဲ့ရသည့်အပေါ် စိုးရိမ်မိကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ယခင်က ထုတ်ဖော်ပြောဆိုခဲ့ပြီး ဖြစ်ပါသည်။[၁] လက်ရှိပါလီမန်အသစ်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ကန့်သတ်သည့် ဥပဒေပြဌာန်းချက်များကို ပြန်လည်သုံးသပ်ရာတွင် ဤဥပဒေကို ဦးစားပေးပြင်ဆင်ရန် ရွေးချယ်ခဲ့ခြင်းအတွက် မိမိတို့ များစွာ အားတက်ရပါသည်။

ယခင်ပါလီမန်ကလည်း ဤဥပဒေကို ပြင်ဆင်ရန်ကြိုးပမ်းခဲ့ပြီး ပြင်ဆင်ချက်ဥပဒေကို ၂၀၁၄ ဇွန်လ ၂၄ ရက်နေ့က အတည်ပြုခဲ့သည်ကိုလည်း မိမိတို့ သိရှိထားပါသည်။ သို့ရာတွင် ယင်းပြင်ဆင်မှုများမှာလည်း ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးကို လေးစားလိုက်နာမှုရှိသော ဝန်းကျင်အနေအထားရောက်မလာသေးပဲ စိတ်ထင်သလို ဖမ်းဆီး အရေးယူ နေမှု အရှိန်အဟုန်များကိုလည်း ရပ်တန့်မသွားစေခဲ့ပါ။ ယခုပါလီမန်အသစ်နေဖြင့် ဥပဒေကို ပြင်ဆင်ရာတွင် ဤဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အခွင့်အရေးများကို လေးစားပြီး အကာအကွယ်ပေးနိုင်ရေးအတွက် ပြင်ဆင်ပါရန် မိမိတို့က တိုက်တွန်းအပ်ပါသည်။

မိမိတို့၏ လေ့လာသုံးသပ်ချက်များအရ ယခုအဆိုပြုထားသော ပြင်ဆင်ချက်များသည် ဥပဒေကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေစံနှုန်းများနှင့် ကိုက်ညီအောင်ပြုလုပ်နိုင်ဖို့ လိုအပ်ချက်များ အများအပြားရှိနေပါသေးသည်။ လက်ရှိတွင် ဥပဒေကြမ်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ကန့်သတ်မှုများ ပါဝင်နေဆဲ ဖြစ်ပြီး ယင်းမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရာ ရောက်ပါသည်။ လက်ရှိ အနေအထားအတိုင်း ယင်းဥပဒေကို အတည်ပြုခဲ့လျှင် လူ့အခွင့်အရေး ကာကွယ်သူများနှင့် အခြား တက်ကြွလှုပ်ရှားသူများ အပါအဝင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများမှာ ၎င်းတို့၏ အခွင့်အရေးကို ငြိမ်းချမ်းစွာကျင့်သုံးရုံဖြင့် ဖမ်းဆီးအကျဉ်းချ ခံရနိုင်သော အန္တရာယ်ရှိနေသေးကြောင်း မိမိတို့က အထူးစိုးရိမ်မိပါသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်များကို တစုံတရာ အကန့်အသတ်ပြုနိုင်ခွင့်များကို နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ နှင့် စံနှုန်းများက နိုင်ငံများကို ခွင့်ပြုထားသော်လည်း ယင်းသို့သော ကန့်သတ်မှုများကို ပြုလုပ်ခွင့် ပြုနိုင်သည့် အခြေအနေများကိုလည်း ဖော်ပြထားပါသည်။ ယင်းတို့မှာ (၁) ဥပဒေအရခွင့်ပြုထားခြင်း၊ (၂) ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်မှုမှ အကာအကွယ်ပေးရန် ရည်ရွယ်ခြင်း (နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု လုံခြုံရေး၊ လူထု၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တတို့အား အကာအကွယ်ပေးရေး)နှင့် အခြားလူများ၏ လွတ်လပ်မှုကို အကာအကွယ်ပေးရေး၊ (၃) ဤရည်ရွယ်ချက်များအတွက် လုပ်ဆောင်ရန် လိုအပ်ကြောင်း ထင်ရှားခြင်း။၂ ဤအချက်များအားလုံးနှင့် ကိုက်ညီခြင်းမရှိလျှင် ကန့်သတ်မှုမှန်သမျှသည် ယင်းအခွင့်အရေးကို ချိုးဖောက်ရာ ရောက်ပါသည်။ ၃

ဤဥပဒေကို ပြင်ဆင်ရန် သုံးသပ်မှုများက ပေးလာသောအခွင့်အလမ်းကို အသုံးပြု၍ သက်ဆိုင်သူအားလုံးနှင့် ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြုလုပ်ပါရန် ပါလီမန်ကို တိုက်တွန်းအပ်ပါသည်။ ပြင်ဆင်ထားသော ဥပဒေကို ၂၀၁၆ မေလ ၆ ရက်နေ့က မြန်မာဘာသာဖြင့်ထုတ်ဝေသော အစိုးရမီဒီယာများတွင် ဖော်ပြခဲ့သည်ကို မိမိတို့ သတိပြုမိပါသည်။ ယင်းဥပဒေကို ဘာသာပြန်ဆိုချက်အကြမ်းကိုလည်း မိမိတို့လက်ခံရရှိထားပါသည်။ လူထုအနေနှင့် လည်းကောင်း၊ ပြည်တွင်းဥပဒေရေးရာ ကျွမ်းကျင်သူများ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ကျွမ်းကျင်သူ ပညာရှင်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ နှင့် အခြားသော လူထုအခြေပြုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များမှ ၎င်းတို့ ပေးလိုသော အကြံဉာဏ်များပေးနိုင်ရန် ပါလီမန်က အချိန်လုံလုံလောက်လောက်ပေးရန်လည်း အရေးကြီးပါသည်။ ၎င်းတို့၏ အကြံပြုချက်များကို ထည့်သွင်းခြင်းဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်း စီတန်းလှည့်လည်ခြင်း ဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီ၊ညီညွတ်မှုရှိစေရန် အထောက်အကူပြုနိုင်မည် ဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်ရန် ပျက်ယွင်းပါက ငြိမ်းချမ်းစွာဆန္ဒပြသူများကို ပို၍ ဖမ်းဆီးချုပ်နှောင် တရားစွဲဆို ပြစ်ဒဏ်ချမှုများ တိုးလာနိုင်ရုံမက တိုင်းပြည်၏ ဥပဒေရေးရာမူပေါင်များ ပြုပြင်ရေးအတွက် လုပ်ဆောင်လျှက်ရှိသည့် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းအားထုတ်မှု များကိုပါ နှောင့်နှေးစေမည် ဖြစ်သည်။

အောက်ပါ နောက်ဆက်တွဲဖော်ပြချက်တွင် လက်ရှိဥပဒေကြမ်းနှင့်ပတ်သက်၍ မိမိတို့ အဓိက စိုးရိမ်သော အချက်အလက်များကို ဖော်ပြထားပြီး ဤဥပဒေသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်သင့်သော အချက်များကိုလည်း အကြံပြုထားပါသည်။ မိမိတို့အနေနှင့် ဉက္ကဌကြီးများ အဆင်ပြေသည့်အချိန်တွင် ကိုယ်တိုင်လာရောက်တွေ့ဆုံလျှက် မိမိတို့၏ အကြံပြုချက်များကို ပို၍ပြည့်စုံအောင် ရှင်းပြခြင်း၊ ပါလီမန်က ပြင်ဆင်ရန် စီစဉ်ထားသည့် ဥပဒေများနှင့် ပတ်သက်၍ မိမိတို့ သိရှိထားသမျှအတွေ့အကြုံ ဗဟုသုတများကို ကူညီမျှဝေပေးခြင်းများပြုလုပ်ခွင့် ရလိုပါသည်။

သစ္စာရှိစွာဖြင့်

ရာဖင်ဒီဂျာမင်
အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒါရိုက်တာ
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့

မိတ္တူကို
- ဦးထွန်းအောင်၊ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မီတီ ဥက္ကဋ္ဌ
- ဦးဇော်မင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မီတီ ဥက္ကဋ္ဌ
- ဒေါက်တာအောင်ထွန်းခိုင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မီတီ ဥက္ကဋ္ဌ
- သူရဦးရွှေမန်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာသုံးသပ်ရေး ကော်မရှင် ဥက္ကဋ္ဌ
- ဦးထင်ကျော်၊ နိုင်ငံတော် သမ္မတ
- ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်
- ဦးထွန်းထွန်းဦး၊ ရှေ့နေချုပ်

**နောက်ဆက်တွဲ - ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဥပဒေကို ပြင်ဆင်ချက်များနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စိုးရိမ်ပူပန်သော အချက်များ**

အသိပေးအကြောင်းကြားချက်

ဆန္ဒပြမှုများကို စီစဉ်သူများသည် ဆန္ဒပြရန် ခွင့်ပြုချက် သို့မဟုတ် သဘောတူချက် ကြိုတင်လျှောက်ထားရယူရန်မလိုတော့ပဲ ဆန္ဒပြလိုကြောင်းကို အာဏာပိုင်များကို အသိပေးရန်သာ လိုအပ်သည်ဆိုသော ဥပဒေတွင် ပြောင်းလဲရန် အဆိုပြုထားသည့်အချက်ကို မိမိတို့မှ ကြိုဆိုပါသည်။ ငြိမ်းချမ်းစွာစုဝေးမှုများအတွက် မည်သည့် သဘောတူခွင့်ပြုချက်မှ ရယူရန်မလိုအပ်သင့်ကြောင်း နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွင် ဖော်ပြထားပါသည်။၄ သို့ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးစံညွှန်းများအရ ၄၈ နာရီကြိုတင်အသိပေးရမည်ဆိုသော အချက်သည်လည်း ကြီးမားသော လူစုလူဝေးကြီးများ ဖြစ်ပေါ်မှ သို့မဟုတ် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းနိုင်စရာ ရှိမှ ပြုလုပ်ဖို့ လိုအပ်သင့်ပါသည်။ ၅

ဥပဒေတွင် အာဏာပိုင်များအား ဆန္ဒပြလိုသော ရည်ရွယ်ချက်ကို ကြိုတင်အကြောင်းကြားဖို့ ပျက်ကွက်လျှင် ပြစ်ဒဏ်များ ချမှတ်နိုင်သည်ဆိုသော အချက် ဆက်လက်ပါဝင်နေခြင်းအပေါ်လည်း မိမိတို့က လွန်စွာ စိုးရိမ်မိပါသည်။ (ပုဒ်မ ၁၇)၊ ပထမအကြိမ် ကျူးလွန်ပါက အမြင့်ဆုံး ပြစ်ဒဏ် ထောင်ဒဏ် သုံးလနှင့် ဒဏ်ငွေ ကျပ် သုံးသောင်း (အမေရိကန်ဒေါ်လာ ၃၀) နှင့် ထပ်မံကျူးလွန်ပါက အမြင့်ဆုံးထောင်ဒဏ် တစ်နှစ်နှင့် ဒဏ်ငွေ ကျပ်တစ်သိန်း (ဒေါ်လာ ၁၀၀) ဟု ပြဌာန်းထားသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် စံချိန်စံညွှန်းများက အာဏာပိုင်များကို အသိပေးရန် ပျက်ကွက်ခြင်းကို ငွေဒဏ်နှင့် ထောင်ဒဏ်ချမှတ်သည့် ပြစ်ဒဏ်မျိုးမပေးရဟု ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။၆ ထို့ကြောင့် ပါလီမန်အနေနှင့် ပုဒ်မ ၁၇ ကို ဥပဒေကြမ်းမှ ဖယ်ထုတ်သင့်ပါသည်။ ထို့ပြင် အာဏာပိုင်များကို အသိပေးအကြောင်းကြားရန် ပျက်ကွက်သူ မည်သူမဆိုကို ရာဇဝတ်ဥပဒေကြောင်းအရ အရေးယူခြင်းမရှိစေရ ဆိုသော အချက်ကိုလည်း ဥပဒေက ရှင်းရှင်းလင်းလင်း ဖော်ပြသင့်ပါသည်။

လက်ရှိဥပဒေကြမ်းတွင် ဆန္ဒပြရန် စီစဉ်သူများသည် အောက်ပါတို့ကို အာဏာပိုင်များထံ ကြိုတင် တင်ပြမည်ဆိုသော အချက်ကို ဆက်လက်ထည့်သွင်းထားဆဲ ဖြစ်ကြောင်း မိမိတို့ တွေ့ရသည် (ပုဒ်မ ၄)။၇

- အသုံးပြုမည့် ကြွေးကြော်သံများနှင့် ဟောပြောမည့်အကြောင်းအရာများ (အပိုဒ် (က) နှင့် (ခ))
- ခေါင်းဆောင်များနှင့် ဟောပြောမည့်ပုဂ္ဂိုလ်များ အားလုံး၏ အမည်နှင့် ဆက်သွယ်နိုင်မည့် လိပ်စာအပြည့်အစုံ (အပိုဒ် (ဂ))
- ဆန္ဒပြပွဲ အစီအစဉ် (အပိုဒ် (ဃ))
- အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း အထောက်အထားများ (အပိုဒ် (င))

ဤပြဌာန်းချက်များသည် ဆန္ဒပြပွဲစီစဉ်သူများအပေါ် မလိုအပ်ပဲ အုပ်ချုပ်ရေးပိုင်းမှ တောင်းဆိုမှုများ ဖြစ်သဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ကန့်သတ်ရာ ရောက်ပါသည်။ ထို့အပြင် ဤ ဥပဒေကြမ်းအရ မှတ်ပုံတင်မထားသော အဖွဲ့အစည်းများအား ဆန္ဒထုတ်ဖော်ခွင့်ကိုကန့်သတ်ရာလည်း ရောက်နေသည်ကို မိမိတို့က စိုးရိမ်မိပါသည်။ ယင်းလိုအပ်ချက်များကို ဖယ်ထုတ်ရန် ဥပဒေကြမ်းကို ပြင်ဆင်သင့်ပါသည်။

ဥပဒေကြမ်းသည် ရုတ်တရက်စီစဉ်၍ စုဝေးမှုများနှင့် ပတ်သက်၍လည်း ဖော်ပြထားခြင်းမရှိသည်ကို သတိပြုမိပါသည်။ ဤသို့ ရုတ်တရက်စီစဉ်၍ စုဝေးခွင့်များကို ခွင့်ပြုသော တိကျသည့် ပြဌာန်းချက်များ ထည့်သွင်းပေးပါရန်လည်း ပါလီမန်အားတိုက်တွန်းပါသည်။ နိုင်ငံတကာ ကျွမ်းကျင်သူများ၏ အကြံပြုချက်များအတိုင်း ယင်းကဲ့သို့ ရုတ်တရက် စုဝေးခြင်းများကို ကြိုတင်အသိပေးရခြင်း လိုအပ်ချက်မှ ကင်းလွတ်ခွင့်ပြုရန် ဖြစ်ပါသည်။၈

စည်းမျဉ်းများနှင့် စည်းကမ်းချက်များ

ငြိမ်းချမ်းစွာ စုဝေးမှု တစ်ခုတွင်ပါဝင်သော သူများ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကိုလည်း ဥပဒေကြမ်းတွင် ဖော်ပြထားသည်ကို တွေ့ရသည် (အခန်း ၅)။ အသိပေးတင်ပြချက်တွင် ဖော်ပြထားသော ငြိမ်းချမ်းစွာစုဝေးမည့် နေရာမဟုတ်သော အခြားနေရာတစ်ခုတွင် စုဝေးခြင်းကို တားမြစ်ခြင်း (ပုဒ်မ ၇ နှင့် ၈)၊ အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှ လွဲ၍ အခြား အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များ ကိုင်ဆောင်အသုံးပြုခြင်းကို တားမြစ်ခြင်း၊ နိုင်ငံတော်နှင့် ပြည်ထောင်စုကို ဖြစ်စေ၊ လူမျိုးရေး ဘာသာရေးကို ဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို ဖြစ်စေ ထိခိုက်စေမည့် အပြောအဆို အပြုအမူများ မပြုလုပ်ရန် တားမြစ်ထားခြင်း၊ မမှန်ကန်သော သတင်းများ၊ အချက်အလက်များကို ဖြန့်ဝေခြင်း၊ အသံချဲ့စက်များအသုံးပြုခြင်း၊ ခွင့်ပြုထားသော ကြွေးကြော်သံများမှ လွဲ၍ အော်ဟစ်ကြွေးကြော်သီဆိုခြင်းကို တားမြစ်ခြင်း (ပုဒ်မ ၉ )၊ ဥပဒေကြမ်းတွင်ဖော်ပြချက်အရ အထက်ဖော်ပြပါ စည်းမျဉ်းများကို လိုက်နာခြင်းမရှိလျှင် ထောင်ဒဏ်သုံးလအထိ ပြစ်ဒဏ်နှင့် ကျပ်သုံးသောင်း(အမေရိကန်ဒေါ်လာ ၃၀) အထိ ငွေဒဏ်တို့ကို ပေးနိုင်သည်ဟု ဖော်ပြထားသည် (ပုဒ်မ ၁၈)။

ငြိမ်းချမ်းစွာဆန္ဒပြသူများ လူစုခွဲခံရနိုင်ခြင်း(ပုဒ်မ၁၀)၊ ထို့အပြင် ကျယ်ဝန်းပြီး မထင်ရှားသော အကြောင်းပြချက်များနှင့် လူများကို ထောင်ဒဏ်ချမှတ်နိုင်ပြီး ၎င်းတို့၏ အခွင့်အရေးများငြင်းပယ်ခံရနိုင်ခြင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ စံချိန်စံညွှန်းများအရ လူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ဖွဲ့စည်းလှုပ်ရှားခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်များကို ချိုးဖောက်ရာ ရောက်ပါသည်။ ထို့ကြောင့် အခန်း၄ပါ စည်းမျဉ်းစည်းကမ်းများကို ကြီးကြီးမားမားပြင်ဆင်ခြင်း သို့မဟုတ် ဖြုတ်ပယ်ခြင်းများ ပြုလုပ်ပါရန်နှင့် ပုဒ်မ ၁၈ ကို လုံးဝ ဖယ်ထုတ်ပါရန် ပါလီမန်ကို မိမိတို့က တိုက်တွန်းပါသည်။

## အစုအဝေးများကို လူစုခွဲခြင်းနှင့် ရဲဖက်မှထိန်းကျောင်းခြင်း

ငြိမ်းချမ်းစွာ စုဝေးမှုများကို တားမြစ်ခြင်း သို့မဟုတ် လူစုခွဲခြင်း များ ပြုလုပ်နိုင်သော ကျယ်ပြန့်၍ မိမိတို့၏ ဆုံးဖြတ်ချက်နှင့် လုပ်ပိုင်ခွင့်အာဏာကို ဥပဒေကြမ်းက ရဲအရာရှိများနှင့် ဒေသခံ မြို့နယ်အာဏာပိုင်များကို အပ်နှင်းပေးထားပါသည် (အခန်း ၆)။ ဥပဒေကြမ်းအရ စုဝေးမှုတစ်ခုသည် မည်မျှပင် ငြိမ်းငြိမ်းချမ်းချမ်းရှိစေကာမူ စီစဉ်သူများက အထက်တွင်ဖော်ပြခဲ့သောစည်းကမ်းများကို မလိုက်နာခြင်း(ပုဒ်မ ၁၀) သို့မဟုတ် ကြိုတင်အသိပေး အကြောင်းကြားရန် ပျက်ကွက်ခြင်း (ပုဒ်မ ၁၅) တို့ရှိပါက အာဏာပိုင်များက လူစုခွဲနိုင်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများအရ စုဝေးမှုတစ်ခုကို လူစုခွဲခြင်းကို နောက်ဆုံး မတတ်သာမှသာ ပြုလုပ်ခွင့်ပေးထားပြီး အကြမ်းဖက်မှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေရှိမှ ပြုလုပ်ရန် ခွင့်ပြုထားပါသည်။

မြို့နယ်ရဲ နှင့် အုပ်ချုပ်ရေးအာဏာပိုင်များက မည်သည့်အချိန်တွင် စုဝေးမှုတစ်ခုကို လူစုခွဲရမည် (ပုဒ်မ ၁၂-၁၅) ဟု ဆုံးဖြတ်နိုင်သောအဆင့်များမှာလည်း ၎င်းတို့လက်ထဲတွင် ကျယ်ပြန့်သော ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အာဏာများ ပေးထားပြီး ဥပဒေကို လိုသလို ခွဲခြားအသုံးပြုမှုများ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ထို့ကြောင့် ပါလီမန်အနေနှင့် ငြိမ်းချမ်းသော စုဝေးမှုများကို ရဲများနှင့် ဒေသအာဏာပိုင်များက တားဆီး၊ ဟန့်တား၊ လူစုခွဲနိုင်သော အာဏာများကို ကန့်သတ်ရန်အတွက် ပုဒ်မ ၁၀ နှင့် အခန်း ၆ ကို ကြီးကြီးမားမား ပြင်ဆင်ပါရန် မိမိတို့က လေးလေးနက်နက် တိုက်တွန်းပါသည်။ ထို့အပြင် စုဝေးမှုတစ်ခုကို တားဆီးခြင်း လူစုခွဲခြင်းပြုလုပ်ရန် ဆုံးဖြတ်ချက်ကို အယူခံဝင်နိုင်သော ရှင်းလင်း၍ ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ်တစ်ခု ထူထောင်ရန်အတွက် လိုအပ်သော ပြဌာန်းချက်များ ဥပဒေအတွင်းထည့်သွင်းပါရန်လည်း မိမိတို့က တိုက်တွန်းပါသည်။

ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ရဲများက "လိုအပ်သော အကာအကွယ်ပေးရန်" ဟူ၍ ဥပဒေကြမ်းတွင် ဖော်ပြထားသော်လည်း (ပုဒ်မ ၁၁) လူထုအနေနှင့် ငြိမ်းချမ်းစွာ စုဝေးနိုင်ခွင့်ကို ရယူကျင့်သုံးနိုင်ရန် လိုအပ်သော ဝန်းကျင် အခြေအနေများ ဖန်တီးပေးရမည့် တာဝန် နိုင်ငံတော်နှင့် ဥပဒေစိုးမိုးရေးဆောင်ရွက်သူများတွင် ရှိသည်ဆိုသော အချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်း မရှိသည်ကို သတိပြုမိပါသည်။ ဥပဒေကြမ်းတွင် ဥပဒေစိုးမိုးရေးဆောင်ရွက်သူများက အင်အားသုံးခြင်းနှင့် ပတ်သက်၍ လည်းကောင်း အထူးသဖြင့် မလိုအပ်ပဲ အလွန်အကျွံ အင်အားသုံးခြင်း၊ လက်နက်အသုံးပြုခြင်းတို့ နှင့် ပတ်သက်၍လည်း တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပေ။ ဤကဲ့သို့ မလိုအပ်ပဲ အင်အားအလွန်အကျွံသုံးစွဲခြင်း၊ ဥပမာ မြန်မာ လုံခြုံရေးအဖွဲ့များက လက်နက်များ အသုံးပြုခဲ့လျှင် ဒဏ်ရာရခြင်း အသက်သေဆုံးခြင်းများအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပါလီမန်အနေနှင့် ဥပဒေစိုးမိုးရေးတာဝန်ယူသော အရာရှိများအား အကြမ်းမဖက်သောနည်းလမ်းများသာ အသုံးပြုစေရန်၊ လုံးဝရှောင်လွှဲမရသော အခြေအနေမျိုးမှ လွဲ၍ အင်အားသုံးခြင်းကို ရှောင်ကျဉ်ရန် ပြဌာန်းချက်များကို ဥပဒေတွင်ထည့်သွင်းပါရန်လည်း မိမိတို့မှ မေတ္တာရပ်ခံပါသည်။ ရှောင်လွှဲ၍မရသော အခါမျိုးတွင် ဥပဒေစိုးမိုးရေးတာဝန်ရှိသော အရာရှိများသည် သင့်လျော်သလောက်သာ အင်အားသုံးရသော နည်းလမ်းအမျိုးမျိုးကို အသုံးပြုရပါမည်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် သို့မဟုတ် အခြားသူများ အသက်အန္တရာယ် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရမည့် အရေးမှ ကာကွယ်ရန်၊ သို့မဟုတ် အသက်အန္တရာယ်ကို ခြိမ်းခြောက်လာမည့် ရာဇဝတ်မှုကြီး တစ်မျိုးမျိုးကို ကာကွယ်ရန်၊ သို့မဟုတ် ဤကဲ့သို့ အန္တရာယ်ပြုလာနိုင်မည့် လူတစ်ဦးဦးကို ဖမ်းဆီးရန် နှင့် ဤကဲ့သို့ကာကွယ်တားဆီးမှုမျိုးကို အခြား အကြမ်းမဖက်သော နည်းတစ်နည်းနည်းကို သုံး၍ မလုံလောက်သော အခြေအနေမျိုးမှအပ လူတစ်ဦးတစ်ယောက်အပေါ်တွင် ပစ်ခတ်နိုင်သော လက်နက်များကို အသုံးမပြုရပေ။ သေနတ်လက်နက်အသုံးပြုမှုကို အသက်အန္တရာယ် ကာကွယ်ရန်အတွက် လုံးဝရှောင်လွှဲ၍မရသော အခြေအနေမျိုးတွင်သာ အသုံးပြုနိုင်ပေသည်။၉

## နိုင်ငံသားမဟုတ်သူများ၏ ငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်

အဆုံးသတ်အနေနှင့် ယခုဥပဒေကြမ်းသည် မြန်မာနိုင်ငံသားများအတွက်သာ ဖြစ်ပြီး နိုင်ငံသားမဟုတ်သူများ အနေနှင့် တန်းတူအခွင့်အရေးနှင့် အကာအကွယ်မရနိုင်ကြောင်း မိမိတို့တွေ့ရှိရပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ကဲ့သို့သော အခွင့်အရေးမျိုး အနည်းငယ်မှအပ နိုင်ငံအတွင်းနေထိုင်သူအားလုံးသည် ပြည်တွင်းဥပဒေ ပါလူ့အခွင့်အရေးအရ အကာအကွယ်များကို တန်းတူ ခံစားခွင့်ရှိရမည် ဖြစ်သည်။ ထို့ကြောင့် ဥပဒေပါ အကာအကွယ်များကို နိုင်ငံသားရော နိုင်ငံသား မဟုတ်သူများပါ အညီအမျှခံစားခွင့်ရစေရန် ပါလီမန်အနေနှင့် ဥပဒေပါ ပုဒ်မ ၃ ကို ပြင်ဆင်ပေးပါရန် ကျွန်ုပ်တို့က တိုက်တွန်းပါသည်။

၁ သာဓက-ရှု- အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့။ထုတ်ဖော်မှုအသစ်များနှင့်ဖိနှိပ်မှုအဟောင်းများ-မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ ဖမ်းဆီးထောင်ချနေမှု သံသရာအဆုံးသတ်ရေး (စာညွှန်း။ ASA ၁၆/၃၄၃၀/၂၀၁၆) ၂၄ မတ် ၂၀၁၆။ စာ ၃၄-၃၇

၂ ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် ပုဒ်မ ၂၁ ကိုရှု

၃ လူ့အခွင့်အရေးကော်မီတီ၏ အထွေထွေမှတ်ချက် အမှတ် ၃၄၊ အပိုဒ် ၁၉ လွတ်လပ်စွာ ယူဆပိုင်ခွင့်နှင့် ထုတ်ဖော်ပြောဆိုပိုင်ခွင့် ကိုရှု၊ ကုလသမဂ္ဂ မှတ်တမ်း CCPR/C/GC/34 (၂၀၁၁) အပိုဒ် ၂၇။ ဤအထွေထွေမှတ်ချက်သည် ငြိမ်ချမ်းစွာစုဝေးခြင်းကို လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့်ပတ်သက်သော လမ်းညွှန်ချက်အဖြစ်လည်း မှတ်ယူနိုင်သည်ဟု ကော်မီတီက ရှင်းလင်းထားပြီးဖြစ်သည်။ စာအမှတ် ၁၇၉၀/၂၀၀၈ Govsha, Syritsa and Mezyak vs Belarus၊ ၂၀၁၂ ခု ဇူလိုင် ၂၇ ရက်နေ့က ချမှတ်ခဲ့သော သဘောထားများ အပိုဒ် ၉.၄၊

၄ အထူးကိုယ်စားလှယ်၏ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခွင့် ဆိုင်ရာ အစီရင်ခံစာ၊ *Maina Kiai* UN Doc A/HRC/23/39 ၂၄ ဧပြီ ၂၀၁၃ (အထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံ အစီရင်ခံစာ၊ ၂၀၁၃) အပိုဒ် ၅၁

၅ အထူးကိုယ်စားလှယ်၏ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခွင့် ဆိုင်ရာ အစီရင်ခံစာ၊ *Maina Kiai* UN Doc A/HRC/20/27, ၂၁ မေ ၂၀၁၂ (အထူးကိုယ်စားလှယ်၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီထံ အစီရင်ခံစာ၊ ၂၀၁၂) အပိုဒ် ၂၈

၆ အထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးကောင်စီထံ အစီရင်ခံစာ၊ ၂၀၁၂ အပိုဒ် ၅၂

၇ အထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးကောင်စီထံ အစီရင်ခံစာ၊ ၂၀၁၂ အပိုဒ် ၂၈

၈ အထူးကိုယ်စားလှယ်၊ လူ့အခွင့်အရေးကောင်စီထံ အစီရင်ခံစာ၊ ၂၀၁၂ အပိုဒ် ၂၉

၉ အင်အားအသုံးပြုခြင်းနှင့် ပစ်ခတ်နိုင်သောလက်နက်အသုံးပြုခြင်း ဆိုင်ရာ ကုလသမဂ္ဂအခြေခံ စည်းမျဉ်းများမှ စည်းမျဉ်းအမှတ် ၂ နှင့် ၄ တွင် ပြဆိုချက်အတိုင်း